**သမတအိမ်တော်၊ ရန်ကုန်မြို့**

**(ပါလီမန်လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးနှင့်အချင်းချင်း**

**ဆက်သွယ်ရေးတွင်လိုက်နာရန်လုပ်ငန်းစဉ်နည်းဥပဒေများ။)**

**၁၃၁၄ ခု၊ ဝါခေါင်လဆုတ် ၆ ရက်။**

**(၁၉၅၂ ခု၊ ဩဂုတ်လ ၁၁ ရက်။)**

နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (၂) ဖြင့် အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ လူမျိုးစုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တို့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးများနှင့်စပ်လျဥ်း၍၎င်း၊ ထို လွှတ်တော်များ၏ အချင်းချင်းဆက်သွယ်ရေးများနှင့်စပ်လျဥ်း၍၎င်း၊ အောက်ပါလုပ်ငန်းစဉ်နည်းဥပဒေ များကိုပြုလိုက်သည်။

**ပါလီမန်လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးနှင့်အချင်းချင်း**

**ဆက်သွယ်ရေးတွင်လိုက်နာရန်လုပ်ငန်းစဉ်နည်းဥပဒေများ။**

**အခန်း ၁။**

**လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးများနှင့်လုပ်ငန်းစဉ်နည်းဥပဒေများ။**

တွဲဖက်အစည်းအဝေးဆင့်ခေါ်ခြင်း။

၁။ ။ နိုင်ငံတော်သမတသည်၊ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးကျင်းပရန်အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ ဆင့်ခေါ်နိုင်သည်။ တွဲဖက်အစည်းအဝေးဆင့်ခေါ်သည့်အမိန့်ကြော်ငြာစာတွင် အစည်းအဝေးစတင်ကျင်းပမည့်အချိန်၊ နေရာနှင့်ဆွေးနွေးစဉ်းစားရန်ကိစ္စကိုလည်း ထည့်သွင်းဖေါ်ပြရ မည်။ ထိုအမိန့်ကြော်ငြာစာတွင်ဖေါ်ပြပါရှိသော ကိစ္စမှတပါးအခြားမည်သည့်ကိစ္စကိုမျှ နိုင်ငံတော်သမတ ၏သဘောတူညီချက်မရဘဲ ဆွေးနွေးစဉ်းစားခြင်းမပြုရ။

အစည်းအဝေးအထမြောက်ရေးအတွက်လိုအပ်သည့်အမတ်ဦးရေ။

၂။ ။ လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးအထမြောက်ရန် လိုအပ်သော အမတ်ဦးရေမှာ သဘာပတိ အဖြစ်ဆောင်ရွက်သူပါ အနည်းဆုံး ၁၀၀ ယောက်ဖြစ်ရမည်။

တွဲဖက်အစည်းအဝေး၏ သဘာပတိနှင့်အတွင်းဝန်။

၃။ ။ (၁) လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးတွင်လူမျိုးစုလွှတ်တော်နာယကသည်၊ သို့တည်းမ ဟုတ် ထိုနာယကသည် အစည်းအဝေးသို့မတက်ရောက်သောအခါ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ထိုဥက္ကဋ္ဌသည်လည်းအစည်းအဝေးသို့မတက်ရောက်သောအခါ၊ အစည်းအဝေးသို့တက် ရောက်သောအမတ်များက ရွေးကောက်တင်မြှောက်သည့်အမတ်သည် အစည်းအဝေး၏ သဘာပတိ အဖြစ်ဖြင့်ဆောင်ရွက်ရမည်။



Myanmar Law Information System (MLIS)

(၂) လူမျိုးစုလွှတ်တော်အတွင်းဝန်သည်၊ လွှတ်တော်နှစ်ရပ်တွဲဖက်အစည်းအဝေး၏ အတွင်းဝန်အဖြစ် ဖြင့်ဆောင်ရွက်ရမည်။

နေရာအစီအစဉ်။

၄။ ။ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးတွင် အမတ်များသည် လူမျိုးစုလွှတ်တော်နာယကက နေရာသတ်မှတ်သည့်အတိုင်းထိုင်ရမည်။

တွဲဖက်အစည်းအဝေးသဘာပတိ၏ အာဏာများ။

၅။ ။ လွှတ်တော်နှစ်ရပ်တွဲဖက်အစည်းအဝေး၏ သဘာပတိမှာ စည်းကမ်းသေဝပ်မှုရရှိစေရန် ဆောင်ရွက် ရာ၌၊ လူမျိုးစုလွှတ်တော်နာယက၏ အာဏာများကို သုံးစွဲခံစားခွင့်ရှိရမည်။ ဤအခန်းရှိနည်းဥပဒေများ ကအခြားနည်းပြဋ္ဌာန်းခြင်းမရှိလျှင်၊ လူမျိုးစုလွှတ်တော်နည်းဥပဒေများသည် လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးနှင့်သက်ဆိုင်စေရမည်။

## ဥပဒေကြမ်းများ။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်အစည်းအဝေးဆင့်ခေါ်ခြင်း။

၆။ ။ လွှတ်တော်တရပ်ရပ်က ငွေဥပဒေကြမ်းမှတပါး၊ အခြားဥပဒေကြမ်းတခုကို အတည်ပြုလိုက်၍ အခြားလွှတ်တော်က ထိုဥပဒေကြမ်းကိုပယ်ချလျှင်၊ သို့တည်းမဟုတ် အတည်ပြုရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုဥပဒေကြမ်းကို စတင်တင်သွင်း သည့်လွှတ်တော်က၊ လက်မခံသော ပြင်ဆင်ချက် များဖြင့် အတည်ပြုလိုက်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုဥပဒေကြမ်းကိုစတင်တင်သွင်းသည့် လွှတ်တော်၏နာယကထံမှ၊ သို့တည်းမဟုတ် ဥက္ကဋ္ဌထံမှ လွှတ်တော်နှစ်ရပ်၏ သဘောကွဲလွဲကြောင်း အစီရင်ခံစာရရှိသောအခါ၊ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်း အဝေးကိုကျင်းပရန်ဆင့်ခေါ်ရမည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍တွဲဖက်အစည်းအဝေးနှင့်လိုက်နာရန် ကျင့်ထုံး။

၇။ ။ လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးသို့တက်ရောက်ကြသောအမတ်များသည် ဥပဒေကြမ်း ကိုစတင်တင်သွင်းသောလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းနှင့်တကွ အခြားလွှတ်တော်က ပြုပြီးဖြစ်သောပြင်ဆင်ချက်များရှိလျှင်၊ ထိုပြင်ဆင်ချက်များကိုပါ စဉ်းစားဆွေးနွေးနိုင်၍၊ မဲဆန္ဒပေးရ မည်။ အကယ်၍ တွဲဖက်အစည်းအဝေးသို့တက်ရောက်မဲပေးကြသော လွှတ်တော်နှစ်ရပ်အမတ်စုစုပေါင်း ၏အမတ်များရာက ပြင်ဆင်ချက်များပါလျှင်၊ ထိုပြင်ဆင်ချက်များပါသော ဥပဒေကြမ်းကိုအတည်ပြု လိုက်သော်၊ ထိုဥပဒေကြမ်းသည် လွှတ်တော်နှစ်ရပ်လုံး၏ အတည်ပြုချက်ကိုရသည်ဟု မှတ်ယူရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် တွဲဖက်အစည်းအဝေး၌-

(က) လွှတ်တော်တရပ်က အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းကိုအခြားလွှတ်တော်ကပယ်ချ၍၊ စတင် တင်သွင်းသောလွှတ်တော်သို့ပြန်ပို့လျှင်၊ ထိုဥပဒေကြမ်းကိုအတည်ပြုရန် အချိန်ကြန့်ကြာသောကြောင့်၊ ပြုအပ်သောပြင်ဆင်ချက်များမှတပါး၊ အခြားမည်သည့်ပြင်ဆင်ချက်အဆိုကိုမျှ မတင်သွင်းရ။

(ခ) ဥပဒေကြမ်းကို အခြားလွှတ်တော်တရပ်က ပြင်ဆင်ချက်များထည့်၍ အတည်ပြုပြီးနောက်၊ စတင် တင်သွင်းသောလွှတ်တော်သို့ပြန်ပို့လျှင်မူကား၊ အပိုဒ် (က) တွင်ဖော်ပြခဲ့သော ပြင်ဆင်ချက်အဆိုများနှင့်

Myanmar Law Information System (MLIS)

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များနှင့်ဆိုင်သော ပြင်ဆင်ချက်အဆိုများကိုသာ တင်သွင်းရ မည်။

ထို့ပြင်ဤနည်းဥပဒေအရ ပြင်ဆင်ချက်များကို ခွင့်ပြုရာတွင်၊ ခွင့်ပြုသောပြင်ဆင်ချက်များနှင့်စပ်လျဉ်း ၍သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်သောသူ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။

ဥပဒေကြမ်းကိုတွဲဖက်အစည်းအဝေးက အတည်ပြုပြီးသောအခါ၊ သို့တည်းမဟုတ် ပယ်ချသောအခါလိုက်နာရမည့်ကျင့်ထုံး။

၈။ ။ (၁) ဥပဒေကြမ်းတခုကိုလွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးကအတည်ပြုပြီးသောအခါ၊ ထို ဥပဒေကြမ်း၏ မိတ္တူတစောင်ကို သဘာပတိက ဟုတ်မှန်ကြောင်းလက်မှတ် ရေးထိုးပြီးလျှင်၊ နိုင်ငံတော် သမတထံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ လိုအပ်သည့်အတိုင်းအရေးယူရန် တင်ပြရမည်။

(၂) ဥပဒေကြမ်းတခုကို လွှတ်တော်နှစ်ရပ်၏တွဲဖက်အစည်းအဝေးကပယ်ချလျှင် ယင်းသို့ပယ်ချ ကြောင်းကိုသဘာပတိက နိုင်ငံတော်သမတထံ အစီရင်ခံရမည်။

## အခန်း ၂။

## လွှတ်တော်နှစ်ရပ်အချင်းချင်းဆက်သွယ်ရေး။

လွှတ်တော်တရပ်နှင့်တရပ်ပေးပို့သော အမှာလွှာနှင့်စပ်လျဉ်း၍ လိုက်နာရမည့်ကျင့်ထုံး။

၉။ ။ (၁) လွှတ်တော်တရပ်သည် အခြားလွှတ်တော်တရပ်နှင့်ဆက်သွယ်ရန်အကြောင်းရှိသောအခါ၊ အဆို ပါလွှတ်တော်တွင်သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်နေသောပုဂ္ဂိုလ်က လက်မှတ်ရေးထိုးထားသော အမှာလွှာကိုအခြားလွှတ်တော်တွင်သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထံပေးပို့ရမည်။ အမှာ လွှာရရှိသောသဘာပတိသည်၊ အမှာလွှာကိုရရှိလျှင်ရရှိခြင်း၊ သို့တည်းမဟုတ် လျင်မြန်နိုင်သမျှ လျင်မြန် စွာထိုအမှာလွှာကို မိမိသဘာပတိအဖြစ်ဖြင့် ဆောင်ရွက်နေသောလွှတ်တော်သို့ အကြောင်းကြားရမည်။

(၂) အမှာလွှာရရှိသော လွှတ်တော်သည် ညီလာခံကျင်းပဆဲမဟုတ်လျှင် အဆိုပါလွှတ်တော်အတွင်းဝန်က ထိုအမှာလွှာကိုလက်ခံရယူပြီးလျှင် လွှတ်တော်နာယက၏၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ သဘောတူညီချက် ဖြင့်လွှတ်တော်အမတ်များထံသို့ အမှာလွှာရရှိကြောင်း အကြောင်းကြားနိုင်သည်။

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၅၃]



Myanmar Law Information System (MLIS)